## ဆရာတော်ဦးပညာသာမိ ၏ ထေရုပ္ပတ္တိအကျဉ်း

အရှင်ပညာသာမိကို မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ခမည်းတော်ဦးအုန်းခိုင်၊ မယ်တော် ဒေါ်မြရီတို့မှ ၁၃၁၆-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သည့် တတိယသားရတနာဖြစ်သည်။ ၅-နှစ်သားတွင်မြင်းခြံမြို့ ဇေယျာလင်္ကာရစာသင်တိုက် ဆရာတော် ဦးကောသလ္လ၊ညီဦးကိတ္တိတို့ထံ အပ်နှံ၍ မြန်မာစာပေသင်ပုန်းကြီးမှစ၍ အခြေခံစာပေတို့ကိုသင် ယူခဲ့ပါသည်။

(၉)နှစ်သားအရွယ်တွင် ဆရာတော်ဦးကောသလ္လကိုဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့သည်။ ဝိနည်း၊သဒ္ဒါ၊သင်္ဂြိုဟ်စသော ပရိယတ္တိစာပေများကို သင်ယူခဲ့ရပါသည်။ ၁၉၇၄-ခုနှစ်တွင် အခြေ ခံပညာ အထက်တန်းစာမေးပွဲများကိုအောင်မြင်ခဲ့ပါသည်။

ထိုနှစ်၌ပင်လျှင် သဒ္ဓမ္မိကပါရမီရှင် ဓမ္မာလင်္ကာရဆရာတော်ကြီး ဘဒ္ဒန္တဝိသုဒ္ဓ(ယခုတိုင် သက်တော် (၉၃) နှစ်ထင်ရှားရှိ)ကို ဥပဇ္ဈာယ်ပြုလျှက် မြင်းခြံမြို့၊ မိခင်၏မောင်အရင်း ဖြစ်သူ ရဟန်း ဒါယကာ ဦးအေးနှင့် ရေနံချောင်းမြို့၊ ဘဲနန်းရပ် ရဟန်းဒါယကာ ဦးခွေးလေး (ဦးငွေရ) မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းဘဝသို့ရောက်ခဲ့ပါသည်။

၁၉၇၉-ခုနှစ်တွင် ရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ဆရာတော့်ဘုရား ကြီးသက်တော် (၁၀၃)နှစ်ကို ဥပဇ္ဈာယ်ပြု၍ ရေနံချောင်းမြို့၊ ရဟန်းဒါယကာ ဦးတင်အောင်+ရဟန်း ဒါယိကာမ ဒေါ်မေသန်းနှင့် မိခင်၏မောင် ဦးတင်သောင်း+ဒေါ်ရီရီအောင်တို့၏ပစ္စယာနုဂ္ဂဟကို ကိုခံယူကာ ဒုတိယအကြိမ် ပုနောပသမ္ပဒမင်္ဂလာပြု၍ သိက္ခာထပ်ရဟန်းခံခဲ့ပါသည်။

ဆရာတော်သည် စွယ်တော်ဆရာတော်နှင့်အတူ သီတင်းသုံးနေထိုင်ပြီး မေတ္တာရှင်၊သစ္စာ ရှင် လေးကျွန်းဒီပါမဟာအောင်သိဒ္ဓိစေတော်မြတ်ကြီးကို ဦးစီးတည်ထားကိုးကွယ်ပူဇော်ခဲ့သည်။ ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်းများကိုလည်း ဦးစီးဆောင်ရွက်ခဲ့သည်။ ၁၉၇၉-ခု ပထမအ ကြိမ် သံဃာတစ်ထောင်ပူဇော်ပွဲမှ ၁၉၉၇-အထိလည်းကောင်း သံဃာတော်တစ်သိန်းပူဇော်ပွဲကို လည်း ၁၉၉၇-ခုနှစ်မှ ၂၀၀၄-ခုနှစ်အထိလည်းကောင်း ဆရာတော်စိတ်တိုင်းကျ ဦးစီးကျင်းပဆောင် ရွက်ပေးခဲ့သည်။

နိုင်ငံခြားသာသနာပြုရာတွင် မြတ်စွာဘုရား၏စွယ်တော်မြတ်ကိုပင့်ဆောင်၍ အာရှတိုက်၊ ဥရောပတိုက်၊အမေရိကတိုက်များသို့ ကြွရောက်ခဲ့လျှက် ဆရာတော်ကြီးကို အနီးကပ်ပြုစုစောင့်- ဝေယျာဝစ္စပြုလျှက် သာသနာ့တာဝန်များကိုထမ်းဆောင်ခဲ့ပါသည်။

သံဃာတစ်သိန်းပူဇော်ပွဲကြီးများတွင် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဌ မြင်းခြံဆရာ- တော်ကြီး ဦးသောဘိတ၊ တောင်ပုလုဆရာတော်ဘုရားကြီး၊ အဘိုးကလေးဝ ဆရာတော်ကြီး၊ ပြည်မြို့ ရတနာ့မာရ်အောင်တောရ ကမ္မဋ္ဌာန်းရွှေရင်အေးဆရာတော်ကြီး၊

မန္တလေးမြို့ တောင်ပြင်၊ ထီးလင်းတိုက်၊ ကလောမင်းစံကျောင်းဆရာတော် ဦးစန္ဒိမာ၊ ညောင်ကန်တိုက်၊ ရတနာသီရိကျောင်းဆရာတော် ဦးဝိစိတ္တ (မယ်တော်ဒေါ်မြရီ၏ဦးရီး အဘိုးဆရာတော်)၊ ဆီးဘန်းနီဆရာတော် ဦးအာစာရ၊ ပဲခူးမြို့မဆရာတော်ဘုရားကြီး၊ မင်းကွန်းတိပိဋကဆရာတော် ပခုက္ကူ တိပိဋကဆရာတော်၊ ပြည်တိပိဋကဆရာတော် အစရှိသော တိုင်းနှင့်ပြည်နယ် အသီးသီးမှ ဆရာတော်သံဃာတော်များကို ပင့်ဆောင်၍ ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲကြီးများကို စွယ်တော်ဆရာတော်နှင့်အတူဝေယျာဝစ္စကိစ္စအဝဝတို့ကို ဦးစီးကျင်းပပူဇော်ပေးခဲ့ပါသည်။

စွယ်တော်မြတ်ကိုပင့်ဆောင်လျှက် နိုင်ငံခြားသာသနာပြု ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ၊စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမဏီနိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ သီဟိုဠ်နိုင်ငံများသို့ရောက်ခဲ့ပြီး ထိုနိုင်ငံရှိ သံဃာတော်များကိုလည်း ပင့်ဆောင်၍ ပူဇော်ခဲ့သည်။

ပဲခူးမြို့၊သဒ္ဓါဓိကပါရမီရှင် ယခုတိုင်သက်တော်(၉၃)နှစ်ရှိတော်မူသော ဓမ္မာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓ၏ သရဏဂုံနှင့် ပါရမီရှင်ကျင့်စဉ်များကိုလည်းကောင်း၊ ကျေးဇူးတော်ရှင်စွယ်တော်ဆရာတော်ဘုရားကြီး၏ အနီးကပ်သွန်သင်ညွှန်ပြမှုတို့ကြောင့် ဝိနည်းသိက္ခာပုဒ်တော်များကို လေးစားစွာ သင်ယူလိုက်နာခဲ့ပါသည်။ စွယ်တော်မြတ်၊စွယ်တော်ဆရာတော်နှင့်အတူ ၁၉၉၁-ခုမှ ၂၀၀၁-ခုနှစ်အထိ မြန်မာနိုင်ငံမှ နိုင်ငံပေါင်း(၂၇)နိုင်ငံသို့ ကြွရောက်၍ စွယ်တော်မြတ်ဒေသစာရီကြွချီတော်မူရာတွင် ဦးစီးလိုက်ပါလျှက်၎င်း၊ ၁၀၈-တောင်အမြင့်ဆောင်သည့် မေတ္တာရှင်သစ္စာရှင် လေးကျွန်းဒီပါ မဟာအောင်သိဒ္ဓိစေတီတော်မြတ်ကြီးကို ဦးစီး၍လည်းကောင်းတည်ထားကိုးကွယ်ပူဇော်ခဲ့ပါသည်။ ၁၉၇၉-ခုမှ ၂၀၀၄-ခုနှစ်အထိ သံဃာတော်(၁၀၀၀)ပူဇော်ပွဲ (၂၃)ကြိမ်၊သံဃာတော်တစ်သိန်းပူဇော်ပွဲကို သုံးကြိမ်တိုင်အောင် ဦးစီးကျင်းပပူဇော်ပေးခဲ့ပါသည်။ ကျောင်းသားဘဝမှ ရဟန်းဖြစ်ပြီးယခုအချိန်အထိ ကမ္မဋ္ဌာန်းတရားများအားထုတ်ခြင်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တိုးတက်ထွန်းကားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းအားထုတ်နေခဲ့ပါသည်။

၂၀၀၁-ခုနှစ်မှ ၂၀၁၀-ခုဇူလိုင်(၃)ရက်အထိ ဝါရှင်တန် ဒီစီ သီရိလင်္ကာဗုဒ္ဓဝိဟာရကျောင်း၌ သီတင်းသုံး နေထိုင်ခဲ့ပြီး ရေနံချောင်းဆရာတော်မှ သူ၏တပည့်ဦးဇဝနနှင့်သီတင်းသုံးနေထိုင်ရန် မိန့်ကြားသဖြင့် ယခုအခါ ဖလော်ရီဒါ ပြည်နယ်၊မီရမာမြို့ ဓမ္မာလောကကျောင်းသို့ သီတင်းသုံးစောင့်ရှောက်နေထိုင်လျှက်ရှိသည်။